ဖီလာဒဲလ် ဖီးယား ကျောင်းခရိုင် (The School District of Philadelphia)

# Southwark အခြေခံပညာမူလတန်းကျောင်း (Southwark Elementary School)

*"အပြီးတစ်ခုဟာ ဘယ်ဘာသာစကားမှာပဲဖြစ်ဖြစ် အတူတူပါပဲ"*

**Mr. Andrew Lukov** *ကျောင်းအုပ်ကြီး*

1835 South 9th Street Philadelphia, PA 19148
Phone: 215-952-8606 FAX: 215-952-8670

## Southwark Elementary School အနိုင်ကျင့်မှုနှင့် ဒုက္ခပေး နှောက်ယှက်မှုများအတွက် ပေါ်လစီ

**အနိုင်ကျင့်မှုဆိုတာဘာလဲ။**

အနိုင်ကျင့်မှုဆိုသည်မှာ တစ်စုံတစ်ဦးသည် မိမိကိုယ်ကို ကာကွယ်ရေးအတွက် ဒုက္ခတွေ့နေသည့် အခြားသူတစ်ဦးအား ထိခိုက်နာကျင်စေသော သို့မဟုတ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေသော စကားများ သို့မဟုတ် အပြုအမူများကို ထပ်ကာတလဲလဲ တမင်တကာ ပြောဆိုပြုမူနေခြင်း ဖြစ်ပါသည်။ အနိုင်ကျင့်မှုအပေါ်တွင် အမြင်သဘောထား သုံးမျိုးရှိပါသည်။။

1. ရန်လိုသော အပြုအမူ ပါဝင်ခြင်း
2. အချိန်နှင့်အမျှ ထပ်ပြန်တလဲလဲ ပြုလုပ်နေသော အပြုအမူ ပုံစံ ပါဝင်နေသော သဘာဝရှိခြင်း
3. အင်အား သို့မဟုတ် စွမ်းပကား မညီမျှမှု

အနိုင်ကျင့်မှုသည် တိုက်ရိုက်ဖြစ်နိုင်ပါသည်။။ ရိုက်နှက်ခြင်း၊ မခံချင်အောင် ထိကပါး ရိကပါးပြောခြင်းနှင့် အမည်ခေါ်ခြင်း။ အနိုင်ကျင့်မှုသည် သွယ်ဝိုက်၍လည်း ဖြစ်နိုင်ပါသည်။။ ကောလဟာလများ၊ ဘေးဖယ်ထုတ်ထားမှုများနှင့် အင်တာနက်မှ တစ်ဆင့် ဆိုက်ဗာ အနိုင်ကျင့်မှု။

**ဒုက္ခပေး နှောက်ယှက်မှု** ဆိုသည်မှာ အဘယ်နည်း။

ဒုက္ခပေး နှောက်ယှက်မှုဆိုသည်မှာ တစ်စုံတစ်ဦး၏ လိင်၊ အသက်၊ လူမျိုး၊ အသားအရောင်၊ လိင်ပိုင်းဆိုင်ရာ စိတ်ကိုင်းညွတ်မှု (သိထားသော သို့မဟုတ် သတိမူမိသော)၊ နေရင်းနိုင်ငံ၊ ကိုးကွယ်သည့်ဘာသာ၊ မသန်စွမ်းမှု၊ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု၊ လူမှုရေး စီးပွားရေး အခြေအနေနှင့်/သို့မဟုတ် နိုင်ငံရေး ယုံကြည်ချက်တို့နှင့်ပတ်သက်၍ နှုတ်ဖြင့်၊ စာဖြင့်၊ ဂရပ်ဖစ်ဖြင့် နှင့်/သို့မဟုတ် ကိုယ်အမူအရာအားဖြင့် မလိုလားအပ်သော ပြုမူချက်များ ဖြစ်ပါသည်။

**အထက်ပါ အပြုအမူနှစ်ရပ်မှာ လက်ခံနိုင်စရာ မရှိပါ။ အနိုင်ကျင့်မှုနှင့်/သို့မဟုတ် ဒုက္ခပေး နှောက်ယှက်မှု ဖြစ်ရပ်များ အားလုံးကို ကျောင်း၏ မည်သည့် ဝန်ထမ်းအဖွဲ့ဝင်သို့မဆို သတင်းပေးပို့ရန် ကျောင်းသားများအား မေတ္တာရပ်ခံပါသည်။ အနိုင်ကျင့်မှု နှင့်/သို့မဟုတ် ဒုက္ခပေး နှောက်ယှက်မှု ဖြစ်ရပ်များကို သတင်းပေးပို့ရန် ကျွန်ုပ်တို့၏ အကြံပေးပုဂ္ဂိုလ်အား ဆက်သွယ်ပါရန် မိဘများအား မေတ္တာရပ်ခံပါသည်။**

Southwark သည် အနိုင်ကျင့်မှုနှင့် ဒုက္ခပေး နှောက်ယှက်မှု အတွက် သတင်းပေးပို့ချက်များအားလုံးကို ထောက်လှမ်းစုံစမ်းပြီး လိုအပ်သော အရေးယူမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အနိုင်ကျင့်ခံရသူ။။ သတင်းပေးပို့ထားသော အပြုအမူများကို ကြားဝင်ဖြန်ဖြေပေးရန် ကျောင်းမှ တာဝန်ယူဆောင်ရွက်နေသော အခြေအနေအတိအကျ၊ နောက်ထပ်ဖြစ်လာနိုင်သည်များကို စောင့်ကြည့်နေမှုနှင့် အနိုင်ကျင့် ခံရသူကို ရန်တုန့်နှင်းခြင်း သို့မဟုတ် လက်တုန့်ပြန်မှုမှ ကာကွယ်ရန် မည်သို့ ဆောင်ရွက်နေသည် ဆိုသည်ကို အနိုင်ကျင့်ခံရသူ၏ မိဘ/အုပ်ထိန်းသူအား အသိပေးမည် ဖြစ်ပါသည်။

အနိုင်ကျင့်သူ။။ သတင်းပေးပို့ထားသော အပြုအမူများကို ကြားဝင်ဖြန်ဖြေပေးရန် ကျောင်းမှ တာဝန်ယူဆောင်ရွက်နေသော အခြေအနေအတိအကျ၊ နောက်ထပ်ဖြစ်လာနိုင်သည်များကို စောင့်ကြည့်နေမှုနှင့် ကျောင်းစည်းကမ်းတွင် အဆိုပြု ဖေါ်ပြထားသည့် အတိုင်း ဖြစ်လာနိုင်ခြေရှိသည့် အကျိုးဆက်များကိုအနိုင်ကျင့်သူ၏ မိဘ/အုပ်ထိန်းသူအား အသိပေးမည် ဖြစ်ပါသည်။ အကျိုးဆက်များတွင် အောက်ပါတို့ပါဝင်သော်လည်း ၎င်းတို့ချည်းဟု ကန့်သတ်ထားခြင်း မရှိပါ။။

- မိဘနှင့် တွေ့ဆုံ ဆွေးနွေးခြင်း
- မိဘနှင့် ချက်ချင်း တွေ့ဆုံ ဆွေးနွေးရန် ကျောင်းမှ ခေတ္တထုပ်သည့်စာ
- နေ့လည်စာစားချိန်တွင် ပြစ်ဒဏ် ချထားခြင်း
- ကျောင်းတွင်း အခွင့်အရေး ရပ်ဆိုင်းထားခြင်း
- အမူအကျင့် ကြားဝင်ဖြန်ဖြေရေးအတန်း
- RtII သို့ အမူအကျင့်အတွက် ရည်ညွှန်းခြင်း
- တစ်ရက်မှ တစ်ဆယ်ရက်ထိ ခေတ္တကျောင်းထုတ်ထားမှု
- ကြားနာမှုနှင့် ကျောင်းမှထုတ်ပယ်ခြင်းဆိုင်ရာ ရုံးသို့ ကြားဝင်ဖြန်ဖြေရေးဆိုင်ရာ သဘောတူညီချက် သို့မဟုတ် အခြားကျောင်းသို့ပြောင်းပေးရန် အကြံပြု ထောက်ခံချက်နှင့်အတူ လွှဲပြောင်းပေးမှု
- ကြားနာမှုနှင့် ကျောင်းမှထုတ်ပယ်ခြင်းဆိုင်ရာ ရုံးသို့ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကျောင်းအလုပ်တာဝန်တစ်ခုနှင့်အတူ လွှဲပြောင်းပေးမှု (Grades 6 မှ 8 အထိသာ)

## Southwark School အနိုင်ကျင့်မှုများအတွက် ပေါ်လစီ